
## ၁၂,၀၀၀ ကျော်ထက်မနည်း ဖမ်းဆီးခံခဲ့ရ

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်အထိ ဖြစ်ပါသည်။




စစ်ကောင်စီစာရင်းအရ
ဖမ်းဆီးခံထားရသူများ*

AAPP စာရင်းအရ ဖမ်းဆီးခံထားရသူများနှင့်
ပြန်လည်လွတ်မြောက်လာသူများ


* ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၇ ရက်က ပြုလုပ်ခဲ့သော စစ်ကောင်စီ သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည့်ကိန်းဂဏန်းဖြစ်ပါသည်။

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ ထုတ်ပြန်ချက်များအရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်အထိ NLD အစိုးရအဖွဲ့ဝင်များ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များနှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ အပြင် စစ်အာဏာရှင်ဆန့်ကျင်ရေး လှုပ်ရှားမှုများကြောင့် နိုင်ငံတဝန်း ဖမ်းဆီးခံရသူ **၁၂,၁၇၃ ဦး**ထက်မနည်း ရှိခဲ့သည်။ ထိုအထဲမှ **၃,၀၁၃ ဦး**သာပြန်လွတ်ခဲ့ပြီး **၉,၁၆၀ ဦး**ထက်မနည်းမှာ လက်ရှိအချိန်အထိ ဖမ်းဆီးချုပ်နှောင်ခံထားရဆဲဖြစ်သည်။ စစ်ကောင်စီ၏ ထုတ်ပြန်ချက်များ အရ အကြမ်းဖက်မှုကျူးလွန်သည်ဆိုသော အကြောင်းပြချက်များဖြင့် ဖမ်းဆီးထားသူ **၁၁,၅၄၉ ဦး**ထက်မနည်းရှိကြောင်း သိရပါသည်။ စစ်ကောင်စီစာရင်းများနှင့်ပတ်သက်၍ သီးခြား လွတ်လပ်သည့်အဖွဲ့များမှ အတည်ပြုထား ခြင်းမရှိသည်ကို သတိပြုရမည်ဖြစ်သည်။

မှတ်ချက် - ဖော်ပြပါအချက်အလက်များသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများနှင့် လွတ်လပ်သော သတင်းမီဒီယာများ၏ ဖော်ပြချက်များကို အခြေခံ၍ လက်လှမ်းမီသမျှ ပြုစုထားခြင်းဖြစ်ပြီး ပါဝင်ခြင်းမရှိဘဲ ကျန်နေသူများနှင့်အချက်အလက် အပြည့်အစုံရရှိရန် စောင့်ဆိုင်းနေရမှုများလည်း ရှိနိုင်ပါသည်။ ထို့အပြင် ဖမ်းဆီးခံခဲ့ရသူများထဲတွင် ငွေဒဏ် (သို့မဟုတ်) ထောင်ဒဏ် ချမှတ်ခံရသူများပါဝင်သည်။ ဖမ်းဆီးခံခဲ့ရပြီး ချက်ချင်းပြန်လွှတ်ခဲ့သော ကိစ္စရပ်များကို ထည့်သွင်းဖော်ပြထားခြင်း မရှိပေ။

## ၈၂၉ ဦးထက်မနည်း ပြစ်ဒဏ် ချမှတ်ခံထားရ

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်အထိ ဖြစ်ပါသည်။




စစ်အာဏာသိမ်းပြီးနောက်ပိုင်း ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်အထိ NLD အစိုးရအဖွဲ့ဝင်များ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များနှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ အပြင် စစ်အာဏာရှင်ဆန့်ကျင်ရေး လှုပ်ရှားမှုများကြောင့် နိုင်ငံတဝန်း ဖမ်းဆီးခံရသူ စုစုပေါင်း **၁၂,၀၀၀ ကျော်**ရှိသည့်အနက် **၈၂၉ ဦး**မှာ ထောင်ဒဏ် ချမှတ်ခံထားရပြီးဖြစ်သည်။ ထို ၈၂၉ ဦးထဲတွင် **၇၁၁ ဦး**မှာ အကျဉ်းထောင်များထဲတွင် ဖမ်းဆီးချုပ်နှောင်ခံထားရပြီး၊ **၁၁၈ ဦး**မှာ မျက်ကွယ်ပြစ်ဒဏ် ချမှတ်ခံထားရသူများဖြစ်သည်။ လက်လှမ်းမီသမျှ အချက်အလက်များအရ ထောင်ဒဏ်ချမှတ်ခံရသူအများစုမှာ ရာဇသတ်ကြီးပုဒ်မ ၅၀၅-ကနှင့် ဖြစ်ပြီး **၂၈၄ ဦး**ထက်မနည်းရှိခဲ့သည်။ **၂၀ ဦး**ကို ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅(ခ)၊ **၈၄ ဦး**ကို အကြမ်း ဖက်မှုတိုက်ဖျက်ရေး ဥပဒေ၊ **၂၃ ဦး**ကို လက်နက်ဥပဒေနှင့် **၁၆ ဦး**ကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ စသည့် ဥပဒေပုဒ်မများဖြင့် အမိန့်ချထားပါသည်။

မှတ်ချက် - ဖော်ပြပါအချက်အလက်များသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများနှင့် လွတ်လပ်သော သတင်းမီဒီယာများ၏ ဖော်ပြချက်များကို အခြေခံ၍ လက်လှမ်းမီသမျှ ပြုစုထားခြင်းဖြစ်ပြီး ပါဝင်ခြင်းမရှိဘဲ ကျန်နေသူများနှင့်အချက်အလက် အပြည့်အစုံရရှိရန် စောင့်ဆိုင်းနေရမှုများလည်း ရှိနိုင်ပါသည်။

www.ISPMyanmar.com

# ISP DATA MATTERS


19 February 2022

HUMAN RIGHTS VIOLATIONS

အလေးထားရမည့် ဒေတာအချက်အလက်များ **အမှတ်-၆**

## ■ မြောက်ဥက္ကလာပမြို့နယ်တွင် သေဒဏ်ချမှတ်မှု အများဆုံးဖြစ်ခဲ့

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်အထိ ဖြစ်ပါသည်။




● မြို့နယ်အလိုက် သေဒဏ်ချမှတ်ခံရသူ အရေအတွက်

● စစ်အုပ်ချုပ်ရေးကြေညာထားသော မြို့နယ်များ

စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လှုပ်ရှားမှုများနှင့်ဆက်စပ်ပြီး သေဒဏ်ချမှတ်ခံရသူ **၁၀၁ ဦး**အထိ ရှိခဲ့ပါသည်။ သေဒဏ်ချမှတ်ခံထားရသူများထဲ၌ လက်ရှိ ဖမ်းဆီးထားသူ **၅၈ ဦး**ပါဝင်ပြီး၊ မျက်ကွယ်သေဒဏ် ချမှတ်ခံထားရသူ **၄၃ ဦး**ရှိပါသည်။ သေဒဏ်ချမှတ်မှုများကို ရန်ကုန်တိုင်းအတွင်း စစ်အုပ်ချုပ်ရေးအမိန့် ကြေညာထားသော မြို့နယ်ခြောက်ခုရှိ စစ်ခုံရုံးများက လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ မြောက်ဥက္ကလာပမြို့နယ်တွင် **၃၅ ဦး** သေဒဏ်ချမှတ်ခံထားရပြီး အများဆုံးဖြစ်သည်။ သေဒဏ်ချမှတ်ခံထားရသူများထဲတွင် အမျိုးသား **၉၄ ဦး**နှင့် အမျိုးသမီး **ခုနစ်ဦး**ပါဝင်ပြီး၊ **အသက်မပြည့်သေးသော ယောကျ်ားလေးနှစ်ဦး**လည်း ပါဝင်နေသည်။ ရာဇသတ်ကြီး ပုဒ်မ ၃၄၊ ပုဒ်မ ၁၁၄၊ ပုဒ်မ ၃၀၂၊ ပုဒ်မ ၃၉၆၊ ပုဒ်မ ၃၉၇၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၀(က)/၅၄ စသည်တို့ကို သေဒဏ်ချမှတ်ရာတွင် အသုံးပြုခဲ့သည်။

မှတ်ချက် - ဖော်ပြပါအချက်အလက်များသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများနှင့် လွတ်လပ်သော သတင်းမီဒီယာများ၏ ဖော်ပြချက်များကို အခြေခံ၍ လက်လှမ်းမီသမျှ ပြုစုထားခြင်းဖြစ်ပြီး ပါဝင်ခြင်းမရှိဘဲ ကျန်နေသူများနှင့်အချက်အလက် အပြည့်အစုံရရှိရန် စောင့်ဆိုင်းနေရမှုများလည်း ရှိနိုင်ပါသည်။ ယခုပုံပြကားချပ်သည် AFP သတင်းဌာနက ၂၀၂၁ ခုနှစ် မတ် ၁၉ ရက်တွင် ရေးဆွဲခဲ့သော Martial Law in Yangon graphic အား မှီငြမ်း၍ မြို့နယ်အလိုက် သေဒဏ်ချမှတ်ခံရသူ အရေအတွက်များကို ISP-Myanmar က ဖြည့်စွက်ထားခြင်းဖြစ်သည်။

www.ISPMyanmar.com

# ISP DATA MATTERS


**HUMAN RIGHTS VIOLATIONS**

19 February 2022

အလေးထားရမည့် ဒေတာအချက်အလက်များ **အမှတ်-၆**

## တနှစ်အတွင်း လူပေါင်း ၅၀,၀၀၀ ကျော်ကို လွှတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်အထိ ဖြစ်ပါသည်။




* ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်အထိစာရင်း ဖြစ်ပါသည်။

စစ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်ကောင်စီက လွှတ်ငြိမ်းချမ်းသာခွင့် ငါးကြိမ် ထုတ်ပြန်ခဲ့ပြီး လူပေါင်း **၅၅,၄၆၇ ဦး**ကို ပြန်လွှတ်ခဲ့သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် **၂၃,၃၁၄ ဦး**၊ ၂၀၂၁ ခုနှစ် ဧပြီ ၁၇ ရက်တွင် **၂၃,၄၀၇ ဦး**၊ ၂၀၂၁ ခုနှစ် ဇွန် ၃၀ ရက်တွင် **၂,၂၉၆ ဦး**၊ ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁၈ ရက်တွင် **၅,၆၃၆ ဦး**နှင့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် **၈၁၄ ဦး**တို့ကို ပြန်လွှတ်ခဲ့သည်။ သို့သော် ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁၈ ရက်က ထုတ်ပြန်ခဲ့သော လွှတ်ငြိမ်းချမ်းသာခွင့်တွင်သာ စစ်အာဏာရှင်ဆန့်ကျင်ရေး လှုပ်ရှားမှုများကြောင့် အမှုဖွင့်၊ ဖမ်းဆီးခံခဲ့ရသူများအပေါ် သက်ရောက်မှုကြီးခဲ့သည်။ **၅,၆၃၆ ဦး**ကို လွှတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့သည့်အနက် **၄,၃၂၀ ဦး**ကို အမှုပိတ်သိမ်းပေးခဲ့ပြီး **၁,၃၁၆ ဦး**ကို ခံဝန်ဖြင့် ပြန်လွှတ်ခဲ့သည်။

မှတ်ချက် - ဖော်ပြပါအချက်အလက်များသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများနှင့် လွတ်လပ်သော သတင်းမီဒီယာများ၏ ဖော်ပြချက်များကို အခြေခံ၍ လက်လှမ်းမီသမျှ ပြုစုထားခြင်းဖြစ်ပြီး ပါဝင်ခြင်းမရှိဘဲ ကျန်နေသူများနှင့်အချက်အလက် အပြည့်အစုံရရှိရန် စောင့်ဆိုင်းနေရမှုများလည်း ရှိနိုင်ပါသည်။